设想：ဘာများ ～ နေသလဲ။ （你）在想什么？ / ဘယ်သွားမယ် ～ သလဲ။ （你）打算到哪儿去？

**စိတ်ကူးစိတ်ကန်း** န၊ <seit ku: seit kan:> = စိတ်ကူးစိတ်သန်း

**စိတ်ကူးစိတ်ကြံ** န၊ <seit ku: seit kyan> = စိတ်ကူးစိတ်သန်း

**စိတ်ကူးစိတ်သန်း** န၊ <seit ku: seit than:> 想象，幻想；打算，念头，想法

**စိတ်ကူးဉာဏ်** န၊ <seit ku: nyan> 想象力，智力，思维能力：စာရေးဆရာများ၏ ～ ကွန့်မြူးမှုကားချီးကျူးဖွယ်ကောင်းလှ၏။ 作家的丰富想象力是令人赞叹的。/ ～ ရင့်သန်သည်။ 富于想象。

**စိတ်ကူးထည့်** က၊ <seit ku: hte'> 想象，设想：ဒီနှစ်နွေရာသီ ဘယ်သွားဖို့ ～ ထားသလဲ။ 今年暑假准备上哪儿？

**စိတ်ကူးထုတ်** က၊ <seit ku: htout> 设想，想象：စံပြလယ်သမားကြီးသည်စပါးအထွက်တိုးရေးကိုအမြဲ ～ လေ့ရှိသည်။ 农业劳模们经常考虑如何增加稻谷产量。

**စိတ်ကူးပေါက်** က၊ <seit ku: paut> 想到，产生某种念头：ဘာ ～ မှန်းမသိ။ 不知他产生了个什么念头。

**စိတ်ကူးဖဲရိုက်** က၊ <seit ku: phe: yait> 幻想，胡思乱想：ဘာလုပ်လိုက်မည်ညာလုပ်လိုက်မည်ဟုကျွန်တော် ～ မိပါသည်။ 心里老想着去干这个，干那个的。

**စိတ်ကူးယဉ်** က၊ <seit ku: yin> 幻想，遐想：စိတ်ကူးအလွန်ယဉ်သည့်ကလေးငယ် 好幻想的孩子 / ～ အိပ်မက် 梦想，幻想，幻梦

**စိတ်ကောက်** က၊ <seit kaut> 生闷气，（心里）闹别扭

**စိတ်ကောင်း** I က၊ <seit kaun:> 好心肠，善心 II န၊ <seit kaun:> 好心：～ စေတနာ 良好的愿望，好意 / သူတပါးအပေါ် ～ ထားပါ။ 对人要有善心。

**စိတ်ကုန်** က၊ <seit kon> 兴趣已经消失，感情丧失：ငါဖြင့်ဟိုကိစ္စတွေလုပ်ဖို့ကို ～ လာပြီ။ 我已无心做那些事了。/ လင်မယားချင်း ～ ၍ကွဲကြရတော့သည်။ 夫妻之间已没感情只好离婚。

**စိတ်ကျ** က၊ <seit kya'> 泄气，情绪消沉，士气低落

**စိတ်ကျေ** က၊ <seit kyei> 消气，息怒

**စိတ်ကြီး** က၊ <seit kyi:> 气性大：မောင်ဘကား ～ သူဖြစ်သည်။ 貌巴是个气性大的人。

**စိတ်ကြီးရောက်** က၊ <seit kyi: yaut> 骄傲，自大

**စိတ်ကြီးဝင်** က၊ <seit kyi: win> 骄傲，自大

**စိတ်ကြိုက်** န၊ <seit kyait> 心爱之物，喜爱：～ ဘာသာ 选修课 / သူတို့ ～ မြင်းများကိုရွေးယူကြသည်။ 他们挑选了他们中意的马匹。

**စိတ်ကြည်** က၊ <seit kyi> 心旷神怡，心情舒畅：～ ပျော်ရွှင်သည်။ 心情愉快。

**စိတ်ကွက်/စိတ်ကွက်ကျား** က၊ <seit kwet/seit kwet kya:> 有些发怒，抱怨：မင်းအပေါ်ငါဘယ်တော့မှစိတ်မကွက်ခဲ့ဘူး။ 我从未抱怨过你。

**စိတ်ကွန့်မြူး** က၊ <seit kun' myu:> = စိတ်ကစား

**စိတ်ကြွ** က၊ <seit kywa'> 激动

**စိတ်ကြွပ်** က၊ <seit kyut> 急躁，暴躁

**စိတ်ခု** က၊ <seit khu'> 心中有疙瘩，怀恨：သူ့အားမဲမပေးသူများကို ～ မသွားပါ။ 他对未投他票的人并不怀恨。

**စိတ်ခိုင်** က၊ <seit khain> 刚强，坚定：～ တဲ့လူမို့မျက်ရည်မလွယ်ဘူး။ 刚强的人轻易不流泪。

**စိတ်ခိုင်ခံ့** က၊ <seit khain khan'> = စိတ်ခိုင်

**စိတ်ခိုင်မာ** က၊ <seit khain ma> = စိတ်ခိုင်

**စိတ်ချ** က၊ <seit khya'> ①安心 放心：ခင်ဗျားသားအတွက် ～ ရလား။ 你对儿子放心吗？②可靠：～ ရသောမဟာမိတ် 可靠的同盟者

**စိတ်ချလက်ချ** ကဝ၊ <seit khya' let khya'> 安心，放心：～ အိပ်ပါ။ 放心睡吧！

**စိတ်ချောက်ချား** က၊ <seit khyaut khya:> 心惊胆战，提心吊胆：ဓားပြတပ်ဝင်စီးမည်ကြားသဖြင့်တရွာလုံး ～ နေကြသည်။ 听说匪军要来袭击，全村都很担心。

**စိတ်ချဉ်** က၊ <seit khyin> 生气，发怒：ကျွန်တော်လဲ ～ တာနဲ့သူ့ကိုဘုပြောလိုက်တယ်။ 我也生气了，所以顶了他几句。

**စိတ်ချဉ်တူး** က၊ <seit khyin tu:> （罕）厌恶，不满

**စိတ်ချဉ်ပေါက်** က၊ <seit khyin paut> 厌烦，烦恼，生气：ဒေါသထွက်နေရသည့်အထဲဒင်းတို့ကိုမြင်သောအခါ ～ လာလေသည်။ 正在生气，看到他们这些人就更烦了。

**စိတ်ချုပ်တည်း** က၊ <seit khyout ti:> 抑制，克制：ကိုယ့်ကိုယ်ကို ～ ထားရလေသည်။ 只得克制住自己的感情。

**စိတ်ချမ်းမြေ့** က၊ <seit khyan: myei'> 幸福，愉快：အားလုံး ～ ကြပါစေ။ 祝大家幸福愉快。

**စိတ်ချမ်းသာ** က၊ <seit khyan: dha> 心情愉快：～ မှကိုယ်ကျန်းမာမည်။ 心宽才能体胖。/ မိဘများကွယ်လွန်သွားသဖြင့်စိတ်မချမ်းသာပါ။ 因父母双亡，心里很难过。

**စိတ်ငယ်** က၊ <seit nge> 自卑，沮丧，颓唐：အားကိုးရာမဲ့ဖြစ်၍အလွန် ～ သွားသည်။ 因为无依无靠感到很沮丧。

**စိတ်ငြိမ်ဆေး** န၊ <seit nyein hsei:> 镇静剂

**စိတ်စေ** ကဝ၊ <seit sei> （古） = စိတ်စေး

**စိတ်စေတနာ** န၊ <seit sei d-na> 心意，思索能力

**စိတ်စေး** ကဝ၊ <seit sei:> （古）详细地，细致地：နာလေ့ ～ 仔细听罢！也写做 စိတ်စွေး၊ စိပ်စေး

**စိတ်စော** က၊ <seit saw:> 总惦记着，急着要干，急于：ဒေါ်အေးသည်သမီးထံသွားရန် ～ နေ၏။ 杜埃急着要上女儿那里去。

**စိတ်စက်** န၊ <seit set> 心情，心绪：～ မကောင်းဖြစ်မိ၏။ 心里难过，心绪不佳。/ ～ မချမရှိပါနှင့်။ 别不放心！

**စိတ်စွဲ** က၊ <seit swe:> 铭记在心，依恋，惦念，迷恋：～